**Naing Soe San ( Basic Level , First Prize )**

## ကိုယ်ကျိုးစွန့်သောပါရမီ

ရှေးလွန်လေပြီးသောအခါ တစ်ခုသောတောအတွင်း၌ အလွန်ခွန်အားကြီးမားလှသော နဂါးမင်းသည်နေထိုင်ကျက်စားခဲ့သည်။ နဂါးမင်း၏ခန္ဓာကိုယ်သည်ကြောက်မက်ဖွယ်ကောင်းလောက်အောင်ကြီးမား၍ နဂါးငွေ့တွင်အလွန်ပြင်းထန်သော အဆိပ်ပါဝင်သည်။

ထို့ကြောင့်သက်ရှိသတ္တဝါအလုံးစုံတို့သည် နဂါးမင်း၏ရှေ့မှောက်သို့ရောက်လျှင် ခွန်အားနည်းသောသတ္တဝါတို့သည် နဂါးမင်း၏စူးရှသောအကြည့်ကြောင့်မေ့မျောရသည်။ ခွန်အားကြီးသောသတ္တဝါတို့ပင်လျှင် နဂါးဆိပ်သင့်၍ တခဏတာအတွင်းသေဆုံးခဲ့ကြရသည်။ တစ်နေ့သောအခါ နဂါးမင်းသည် မိမိ၏စိတ်နှလုံးကိုကောင်းမွန်တည်ကြည်စွာပြုပြင်၍ ယခုမှစ၍ မကောင်းမသင့်သောအမှုအရာများ၊ သတ္တဝါများ၌ဒုက္ခဖြစ်စေမည့်အရာများကိုမပြုလုပ်တော့ပြီဟု သစ္စာအဓိဋ္ဌာန်ပြုခဲ့သည်။

ထို့နောက်တောမြိုင်ကြီးထဲ၌ငြိမ်သက်တိတ်ဆိတ်သောနေရာကို ရှာဖွေ၍လောက၌ နိယာမတရားသောလမ်းကြောင်းတို့၌စူးစူးစိုက်စိုက် ဆင်ခြင်နှလုံးသွင်းနေခဲ့သည်။ ထို့နောက်ပင်ပမ်းနွမ်းနယ်စွာအိပ်ပျော်သွားခဲ့သည်။

နဂါးသတ္တဝါတို့သည် အိပ်ပျော်နေသောအချိန်ကာလတွင် နဂါးအသွင်မရှိ၊ မြွေ၏အသွင်သဏ္ဍာန်ကဲ့သို့ပြောင်းလဲတတ်သည်။ထို့ကြောင့်ဤနဂါးမင်းသည်လည်းမြွေကဲ့သို့ ဖြစ်လာ၍ နီလာရောင် ရွှေရောင်တောက်ပသော အတောင်တစ်စုံပေါ်ပေါက်လာခဲ့သည်။

ထိုနေရာသို့ရောက်ရှိလာသောမုဆိုးကြီးသည် မြွေကြီးကိုမြင်ရသောအခါ ထိတ်လန့်သွားမတတ် အံ့သြဝမ်းမြောက်စွာဖြင့်“ ဤမျှလောက်ရှားပါးကောင်းမွန်လှသောအရေခွံအား ဘုရင်မင်းမြတ်၏အဆောင်တန်ဆာအဖြစ်ပြုလုပ်လိုက်ပါက အဘယ်မျှလောက်ခန့်ညားထယ်ဝါ လိုက်မည်နည်း ”ဟုရေရွတ်မိသည်။ ထို့နောက်မြွေကြီး၏ဦးခေါင်းကိုတောင်ဝှေးဖြင့်တင်းကြပ်စွာဖိထားပြီး ဓါးနှင့်အရေခွံကိုစတင်ခွာခဲ့သည်။

နဂါးမင်းသည်မျက်လုံးဖွင့်၍“
ငါ၏ခွန်အားနှင့်ဤမျှလောက်သောမုဆိုးကိုမဆိုထားနှင့်ဤနိုင်ငံကြီးကိုပင် ဖျက်ဆီးလိုက်နိုင်သည်။ ငါသည်ယခုအသက်တစ်ချက်ကိုရှူသွင်းလိုက်ရုံမျှနှင့်ဤမုဆိုးသည် အဆိပ်ငွေ့သင့်၍ သေဆုံးသွားနိုင်သည်။ သို့သော် ငါသည်မကြာသေးမီကမကောင်းသောအမှုကိုမပြုလုပ်တော့ပြီဟူ၍ ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ထိုမျှသာမက ဤမုဆိုးကိုသတ်လိုက်လျှင်အလွန်သနားဖွယ်ကောင်းလှသည်။ သည်းခံ၍ဤခန္ဓာကိုယ်ကိုစွန့်လွှတ်လိုက်တော့မည်။ “ ဟုလုံးလုံးလျားလျားစိတ်ပိုင်းဖြတ်လိုက်သည်။ ထို့နောက်မျက်လုံးမှိတ်ကာ နာကျင်မှုကိုငြိမ်သက်စွာသည်းခံ၍ နဂါးဆိပ်များမထွက်စေရန် အသက်ရှူခြင်းမပြုလုပ်ပဲ နေခဲ့သည်။ မိမိ၏အရေခွံကိုအစွမ်းကုန်ခွာချခြင်းကိုခံနေလျှက်ပင် မုဆိုးကြီးအားမကျေနပ်စိတ်၊ခံပြင်းနာကျင်သောစိတ်များမဖြစ်ပေါ်လာစေရန် သည်းခံခဲ့သည်။ မကြာမီမုဆိုးကြီးသည်အရေခွံကိုယူဆောင်ပြီးထွက်ခွာသွားခဲ့သည်။

နဂါးမင်းသည် အရေခွံများနှင့်ဖုန်းကွယ်ထားခြင်းမရှိတော့သော နီရဲသောအသားဆိုင်များနှင့်သာမြေပေါ်၌လဲလျောင်းနေခဲ့သည်။ ထိုအချိန်၌နေမင်းကြီးသည်တစ်စတစ်စပူပြင်းလာ၍ မြေကြီးသည်လည်းအလွန်ပူလောင်လာသည်။ နဂါးမင်းသည် နာကျင်ပင်ပမ်းမှုကိုကြိတ်မှိတ်ခံစား၍ ရေရှိသောအရပ်သို့သွားရန်ပြင်ဆင်နေခဲ့သည်။

ထိုအချိန်တွင်အလွန်သေးငယ်သော ပိုးကောင်များစွာသည်နဂါးမင်း၏ခန္ဓာကိုယ်ကိုစားရန် လာရောက်ကြသောကြောင့်“ ယခုခန္ဓာကိုယ်အား ပိုးကောင်ငယ်များစားရန်ပေးခြင်းသည် စစ်မှန်သောလမ်းအတွက်ရည်ရွယ်သည်။ ဤကဲ့သို့စားရန်ခွင့်ပြုလိုက်လျှင် မကြာမီအချိန်အတွင်းစစ်မှန်သောလမ်းကိုဤပိုးကောင်ငယ်များအားညွှန်ပြနိုင်လိမ့်မည်။ ” ဟုကြံစည်တွေးတောခဲ့သည်။ ထို့ကြောင့်မလှုပ်မရှက်ငြိမ်သက်စွာဖြင့် ပိုးကောင်ငယ်များ၏စားသောက်ခြင်း

ကိုခံလျှက် နောက်ဆုံးတွင်အသားများခြောက်သွေ့ကုန်ခမ်းကာ သေဆုံးသွားခဲ့လေသည်။

နဂါးမင်းသည်သေဆုံးသွားပြီးနောက် နတ်ပြည်သို့ဝင်စားလျှက်နတ်ဘဝမှစုတေသော အခါ ဤလောကဠ်အတုမရှိသော ဗုဒ္ဓမြတ်စွာဘုရားအဖြစ်သို့ရောက်ရှိခဲ့လေသည်။ အလုံးစုံ သောသတ္တဝါတို့အားလည်း အတုမဲ့ငြိမ်သက်ချမ်းသာခြင်းကိုပေးစွမ်းနိုင်ခဲ့လေသည်။

ထိုပိုးကောင်ငယ်များသည်လည်း ယခင်ကနဂါးမင်းစဉ်းစားခဲ့သည့်အတိုင်း ဗုဒ္ဓဘုရား ထံမှသင်ကြားခံယူခဲ့ရသောစစ်မှန်သောလမ်းကြောင်းအတိုင်းလျှောက်လှမ်းနိုင်ခဲ့သည်။

ဤကဲ့သို့စစ်မှန်သောတရားအတွက် ခန္ဓာကိုယ်ကိုစွန့်လွှတ်ကာ ပါရမီကိုဖြည့်ခဲ့သော အရာသည်ယခုသတ္တလောကတစ်ခုလုံး၏ခပ်သိမ်းသောကွက်လပ်တို့ကိုဖြည့်စည်းပေးခဲ့လေ သည်။

ဤအကြောင်းအရာသည်အိပ်ယာဝင်ပုံပြင်(သို့)နတ်သမီးပုံပြင်မဟုတ်ပါ။